Department of
Education
GOVERNMENT OF
WESTERN AUSTRALIA

# တက္ကသိုလ်သို့ လမ်းကြောင်းများ

## မိဘများနှင့် ပြုစုစောင့်ရှောက်သူများအတွက် အချက်အလက်

---

အထက်တန်းကျောင်းသူကျောင်းသားများသည် တက္ကသိုလ်၊ လေ့ကျင့်သင်ကြားရေးနှင့် အလုပ်အကိုင်ပိုင်းဆိုင်ရာ လမ်းကြောင်းများစွာအနက်မှ ရွေးချယ်နိုင်ပါသည်။ ကျောင်းသားများ၏ စိတ်ဝင်စားမှု၊ ကျွမ်းကျင်မှု၊ လိုအပ်ချက်များနှင့် မျှော်မှန်းချက်များနှင့် ပြည့်မီအောင် လမ်းကြောင်းများကို ရွေးချယ်နိုင်ပါသည်။

### တက္ကသိုလ်တက်ရန် လမ်းကြောင်းများမှာ မည်သည်နည်း၊

ATAR

ကျောင်းသားတစ်ယောက်၏ ဩစတြေးလျ တက္ကသိုလ်ဝင်ခွင့်များ အဆင့် (ATAR) ကို ၎င်းတို့၏ သင်တန်းနှင့် စာမေးပွဲရလဒ်များအား အသုံးပြု၍ တွက်ချက်ပေးပါသည်။ အနည်းဆုံး ATAR သင်တန်း လေးခု လိုအပ်ပါသည်။ ကျောင်းသားအများစုအတွက်၊ ATAR သင်တန်းများ၏ ပညာသင်နှစ်ဆိုင်ရာ သဘောသဘာဝနှင့် စိန်ခေါ်မှုများသည် တက္ကသိုလ်တွင် အောင်မြင်မှုအတွက် အကောင်းဆုံးပြင်ဆင်မှုကို ပံ့ပိုးပေးပါသည်။

ATAR ကို အသုံးပြု၍ ကျောင်းထွက်သူအဖြစ် တက္ကသိုလ်အတွက် ထည့်သွင်းစဉ်းစားရန်အလို့ငှာ ကျောင်းသားများသည် မဖြစ်မနေ-

- အနောက်ဩစတြေးလျ ပညာရေးလက်မှတ် (WACE) အတွက် လိုအပ်ချက်များနှင့် ကိုက်ညီရပါမည်။
- တက္ကသိုလ်တစ်ခုစီမှ ဖော်ပြထားသည့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုစံနှုန်းနှင့် ကိုက်ညီရပါမည်။ ဖော်ပြပါတို့အနက်မှ တစ်ခု
    - ATAR အင်္ဂလိပ်
    - ATAR  စာပေ
    - ATAR EAL/D သို့မဟုတ် အလားတူ (အတိုင်းအတာရမှတ် 50 သို့မဟုတ် အထက်)
    - အဆိုပါ အထူးတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (STAT) တွင် အင်္ဂလိပ်စာအတွက် အနိမ့်ဆုံး လိုအပ်ချက်များ.

D22/0035704
9/02/2022
CC BY Exclusions may apply

- သီးခြား သင်တန်းတစ်ခုသို့ ဝင်ခွင့်အတွက် လုံလုံလောက်လောက် မြင့်မားသော ATAR ကို ရရှိထားရမည်၊ ထို့အပြင်
- သင်တန်းတစ်ခုသို့ ဝင်ခွင့်အတွက် အကြိုလိုအပ်ချက်များ သို့မဟုတ် အထူးလိုအပ်ချက်များနှင့် ပြည့်မီရမည်။

၁၂ တန်း ကျောင်းသားများကို ၎င်းတို့၏ကျောင်းများက တက္ကသိုလ်များထံ လျှောက်ထားခြင်းနှင့် ဘွဲ့ကြိုသင်တန်းများသို့ ဝင်ခွင့်ဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးပါသည်။

**ATAR နှင့်အတူ ရွေးချယ်မှုအဆင့် ချိန်ညှိခြင်း**

အချို့သော ကျောင်းသားများသည် ATAR ချိန်ညှိမှုအတွက် အရည်အချင်းပြည့်မီသည်။ ချိန်ညှိမှုများသည် ကျောင်းသားတစ်ဦး၏အဆင့်ကို အောက်ပါအကြောင်းအချက်များဖြင့် တိုးစေသည်-

- ၁၂ တန်း ဘာသာရပ်များ၏ စွမ်းဆောင်ရည်
- အချို့သောနေရာများတွင် နေထိုင်ခြင်း သို့မဟုတ် ကျောင်းတက်ခြင်း
- တက္ကသိုလ်တက်ရန် မိသားစုအတွင်း ပထမဆုံးသူ ဖြစ်နေခြင်း။
- ပညာရေးဆိုင်ရာ လက်လှမ်းမီမှု အစီအစဉ်များအတွက် အရည်အချင်း ပြည့်မီမှု။

ကျောင်းသားတစ်ဦးသည် မတူညီသော တက္ကသိုလ်များတွင် မတူညီသော ရွေးချယ်မှုအဆင့်များ ရှိနိုင်သည်။ ပိုမိုသိရှိလိုပါက သွားရောက်ကြည့်ရှုရန်-

| **တက္ကသိုလ်** | **ဝဘ်ဆိုဒ်** |
|---|---|
| **Curtin(ကာရ်တိန်)** | https://study.curtin.edu.au/applying/pathways/stepup-to-curtin |
| **Edith Cowan ( အေဒိတ် ကော့ဝါန်)** | https://www.ecu.edu.au/__data/assets/pdf_file/0011/676946/ECU-Access-Eligible-WA-Schools.pdf |
| **Murdoch (မိုရ်ဒေါ့)** | https://www-uat.murdoch.edu.au/study/pathways-to-uni/high-school/selection-rank-adjustment |
| **အနောက်ဩစတြေးလျ တက္ကသိုလ်(University of WA)** | https://www.uwa.edu.au/study/how-to-apply/admission-entry-pathways/broadway |
| | |


D22/0035704
9/02/2022
Exclusions may apply

## အသက်မွေးဝမ်းကျောင်း ပညာနှင့် လေ့ကျင့်သင်ကြားရေး (VET)

ကျောင်းသားများသည် ဘွဲ့ကြိုသင်တန်းများစွာ၏ အနိမ့်ဆုံးဝင်ခွင့် လိုအပ်ချက်များကို ပြည့်မီရန် VET အရည်အချင်းများကို အသုံးပြုနိုင်သည်။ အများအားဖြင့် လျှောက်ထားသူများသည် WACE ကို အောင်မြင်ကာ လက်မှတ် ၄ အဆင့်တွင် အရည်အချင်းပြည့်မီပြီး အင်္ဂလိပ်ဘာသာစကား အရည်အချင်းနှင့် ကိုက်ညီကြပါသည်။ ပိုမိုသိရှိလိုပါက သွားရောက်ကြည့်ရှုရန်၊

| တက္ကသိုလ် | ဝဘ်ဆိုဒ် |
|---|---|
| **Curtin(ကာရ်တိန်)** | https://study.curtin.edu.au/applying/pathways/tafe-vet |
| **Edith Cowan ( အေဒိတ် ကော့ဝါန်)** | https://www.ecu.edu.au/future-students/course-entry<br>ကျောင်းသားများသည် ECU UniPrep သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားရန် Certificate III (လက်မှတ် ၃) နှင့် အင်္ဂလိပ်ဘာသာစကား အရည်အချင်းကို အသုံးပြုနိုင်သည်၊ အချက်အလက်များကို ကြည့်ရှုရန် https://www.ecu.edu.au/degrees/UniPrep |
| **Murdoch (မိုရ်ဒေါ့)** | https://www-uat.murdoch.edu.au/study/pathways-to-uni/vocational-education-and-training<br>ကျောင်းသားများသည် Murdoch ၏ OnTrack နှင့် FlexiTrack အစီအစဉ်သို့ ဝင်ခွင့်လျှောက်ထားရန် အရွယ်ရောက်ပြီးသူများ အတွက် အထွေထွေပညာရေး သို့မဟုတ် Certificate III (လက်မှတ် ၃) နှင့် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုတို့ကို အသုံးပြုနိုင်သည်။ အချက်အလက်များအတွက်၊ ဖော်ပြပါလိပ်စာများသို့ သွားရောက်ပါ-<br>• OnTrack -https://www-uat.murdoch.edu.au/course/enabling/n1069<br>• FlexiTrack -https://www-uat.murdoch.edu.au/course/enabling/n1095 |
| **University of Notre Dame (နောထာရ် ဒါမ်တက္ကသိုလ်)** | https://www.notredame.edu.au/study/pathways/vet-study<br>ဥပဒေ၊ ကာယကုထုံးနှင့် ပညာရေးမှလွဲ၍ သင်တန်းအများစုကို တက်ရောက်နိုင်ပါသည်။ |
| **University of WA(အနောက်သြစတြေးလျတက္ကသိုလ်)** | https://www.uwa.edu.au/study/How-to-apply/Admission-entry-pathways/Diploma-Entry-Pathway |


D22/0035704
9/02/2022
Exclusions may apply

**Aboriginal နှင့် Torres Strait Islander (အေဘိုရီဂျီနာလ် နှင့် တိုရဲစ် စတေးရဲတ် အိုင်လဲန်းဒါရ်) ကျောင်းသားများအတွက် လမ်းကြောင်းများ၊**

အေဘိုရီဂျီနာလ် နှင့် တိုရဲစ် စတေးရဲတ် အိုင်လဲန်ဒါရ် ကျောင်းသားများမှာ တက္ကသိုလ်ဝင်ခွင့်အတွက် သီးခြားလမ်းကြောင်းများ ရှိပါသည်။ ပိုမိုသိရှိလိုပါက သွားရောက်ကြည့်ရှုရန်-

| တက္ကသိုလ် | ဝဘ်ဆိုဒ် |
|---|---|
| **Curtin(ကာရ်တိန်)** | https://karda.curtin.edu.au/study/enabling-courses |
| **Edith Cowan ( အေဒိတ် ကော့ဝါန်)** | Aboriginal University Readiness Assessment (AURA) အေဘိုရီနာလ် တက္ကသိုလ် အသင့်အကဲဖြတ်ခြင်း သည် Certificate II သို့မဟုတ် ထို့ထက်နိမ့်သော လက်မှတ်ရ ကျောင်းသားများအား တက္ကသိုလ်ဝင်ခွင့်အတွက် စဉ်းစားနိုင်စေပါသည်။ အချက်အလက်အတွက်၊ ဖော်ပြပါလိပ်စာသို့ သွားရောက်ပါ https://www.ecu.edu.au/centres/kurongkurl-katitjin/student-success-and-support/aborignal-university-readiness-assessment |
| **Murdoch (မိုရ်ဒေါ့)** | K-Track အထောက်အကူပြု အစီအစဉ်သည် အထက်တန်းပညာရေးဖြင့် စတင်ခြင်း သို့မဟုတ် ဦးတည်ချက်ပြောင်းလဲမှုကို ရှာဖွေနေသည့် Aboriginal နှင့် Torres Strait (အေဘိုရီနာလ် နှင့် တိုရဲစ် စတေးရဲတ် များ) အတွက် အခမဲ့သင်တန်းတစ်ခု ဖြစ်သည်။ အချက်အလက်အတွက်၊ ဖော်ပြပါလိပ်စာသို့ သွားရောက်ပါ https://www.murdoch.edu.au/life-at-murdoch/perth-campus/facilities-services/kulbardi-aboriginal-centre/k-track-enabling-program |
| **University of Notre Dame (နောထာရ် ဒါမ်တက္ကသိုလ်)** | Notre Dame တွင် ဆေးပညာလေ့လာရန် Aboriginal နှင့် Torres Strait Islander (အေဘိုရီနာလ် နှင့် တိုရီစထရိတ် ကျွန်းသား ) ကျောင်းသားများအတွက် အခွင့်အလမ်းများစွာနှင့် အစားထိုးဝင်ရောက်မှု လမ်းကြောင်းများ ရှိသည်။ အချက်အလက်အတွက်၊ ဖော်ပြပါလိပ်စာသို့ သွားရောက်ပါ https://www.notredame.edu.au/current-students/support/indigenous-portal |
| **University of WA (အနောက်** | ဌာနေတိုင်းရင်းသားများ၏ လေ့လာခွင့်များ- |


D22/0035704
9/02/2022
Exclusions may apply

| **သြစတြေးလျတက္ကသိုလ်)** | အနောက်သြစတြေးလျတက္ကသိုလ်တွင် Aboriginal Orientation သင်တန်းနှင့် ယာယီဝင်ခွင့်အစီအစဉ်တို့ ပါဝင်ပါသည်။ အချက်အလက်အတွက်၊ ဖော်ပြပါလိပ်စာသို့ သွားရောက်ပါ https://www.uwa.edu.au/study/indigenous-study |
|---|---|

## တက္ကသိုလ် ကြိုတင်ပြင်ဆင်ရေးသင်တန်းများ

တက္ကသိုလ်ပြင်ဆင်မှု သို့မဟုတ် အထောက်အကူပြု သင်တန်းများကို ဘွဲ့ကြိုသင်တန်းများစွာအတွက် အရည်အချင်းပြည့်မီစေရန်အလို့ငှာ ကျောင်းသားများအား ပြင်ဆင်ပေးရန်အတွက် ဖန်တီးထားပါသည်။ အဆိုပါသင်တန်းများသည် သုတေသန၊ စာရေးခြင်းလုပ်ငန်းစဉ်များနှင့် ဂဏန်းတွက်ခြင်းကဲ့သို့သော တက္ကသိုလ်အဆင့်လေ့လာမှုအတွက် လိုအပ်သော စွမ်းရည်များပေါ်တွင် အာရုံစိုက်ပါသည်။ ပိုမိုသိရှိလိုပါက သွားရောက်ကြည့်ရှုရန်-

| တက္ကသိုလ် | ဝဘ်ဆိုဒ် |
|---|---|
| **Curtin(ကာရ်တိန်)** | UniReady အစီအစဉ်ကို ကျောင်းထွက်ထားသူများနှင့် ရင့်ကျက်သော အသက်အရွယ် ကျောင်းသားများအတွက် အခမဲ့ ဖွင့်လှစ်ထားပါသည်။ အချက်အလက်အတွက်၊ ဖော်ပြပါလိပ်စာသို့ သွားရောက်ပါ https://study.curtin.edu.au/applying/pathways/uniready-enabling-program |
| **Edith Cowan ( အေဒိတ် ကော့ဝါန်)** | UniPrep သင်တန်းများကို ကျောင်းထွက်ထားသူများနှင့် ရင့်ကျက်သော အသက်အရွယ် ကျောင်းသားများအတွက် အခမဲ့ ဖွင့်လှစ်ထားပါသည်။ အချက်အလက်အတွက်၊ ဖော်ပြပါလိပ်စာသို့ သွားရောက်ပါ https://www.ecu.edu.au/degrees/UniPrep |
| **Murdoch (မိုရ်ဒေါ့)** | Murdoch (မိုရ်ဒေါ့) တွင် အသုံးပြုနိုင်သော လမ်းကြောင်းများစွာရှိသည်။ အချက်အလက်အတွက်၊ ဖော်ပြပါလိပ်စာသို့ သွားရောက်ပါ http://www.murdoch.edu.au/study/courses/enabling-pathways |
| **University of Notre Dame (နောထာရ် ဒါမ်တက္ကသိုလ်)** | https://www.notredame.edu.au/study/pathways/tertiary-pathway-program |

### အချက်အလက်အစုစုဆိုင်ရာ ဝင်ခွင့်

ကျောင်းသားများကို ပညာရေးအောင်မြင်မှုများ၊ အရည်အချင်းများ၊ စွမ်းဆောင်ရည်များနှင့် အဆင့်မြင့်တန်း လေ့လာသင်ယူမှုအတွက် သင့်လျော်မှုတို့ကိုပြသသည့် အချက်အလက်အစုစုအပေါ် အခြေခံ၍


D22/0035704
9/02/2022
Exclusions may apply

သတ်မှတ်ဘွဲ့ကြိုသင်တန်းများ၏ဝင်ခွင့်အတွက် ထည့်သွင်းစဉ်းစားပါသည်။ ပိုမိုသိရှိလိုပါက သွားရောက်ကြည့်ရှုပါ-

| တက္ကသိုလ် | ဝဘ်ဆိုဒ် |
|---|---|
| **Curtin(ကာရ်တိန်)** | Portfolio ဝင်ခွင့်သည် လူမှုဘာသာရပ်များ၊ သိပ္ပံ၊ စီးပွားရေးနှင့် ကျန်းမာရေးသိပ္ပံသင်တန်းများ အမျိုးမျိုးအတွက် ရနိုင်ပါသည်။ အချက်အလက်အတွက်၊ ဖော်ပြပါလိပ်စာသို့ သွားရောက်ပါ https://study.curtin.edu.au/applying/pathways/portfolio-entry |
| **Edith Cowan ( အေဒိတ် ကော့ဝါန်)** | ကျောင်းသားများကို ATAR မပါဘဲ ဖန်တီးမှုအနုပညာနှင့် ဒီဇိုင်းပညာရပ်ဆိုင်ရာ သတ်မှတ်ဘွဲ့ကြိုသင်တန်းများသို့ ဝင်ခွင့်အတွက် ထည့်သွင်းစဉ်းစားပါသည်။ အချက်အလက်အတွက်၊ ဖော်ပြပါလိပ်စာသို့ သွားရောက်ပါ https://www.ecu.edu.au/future-students/course-entry/creative-arts-portfolio-entry |
| **Murdoch (မိုရ်ဒေါ့)** | မီဒီယာလမ်းကြောင်းသည် အနုပညာသင်တန်းတွင် စာရင်းသွင်းရန် ရည်ရွယ်ထားသော တီထွင်ဖန်တီးမှုရှိသော ကျောင်းသားများအတွက်ဖြစ်သည်။ အချက်အလက်အတွက်၊ ဖော်ပြပါလိပ်စာသို့ သွားရောက်ပါ-<br>• https://www.murdoch.edu.au/study/courses/undergraduate-courses/portfolio-entry-pathway<br>• http://www.murdoch.edu.au/study/courses/undergraduate-courses/portfolio-entry-pathway/media-portfolio-pathway |

### အတွေ့အကြုံပေါ်အခြေခံသော ဝင်ခွင့်

ကျောင်းသားများကို ပေးအပ်လာသော အထောက်အထားများပေါ်မူတည်၍ အဆင့်မြင့်ပညာရေးတွင် အောင်မြင်နိုင်မှုစွမ်းရည်ကို တက္ကသိုလ်အကဲဖြတ်ခြင်းဖြင့် ဘွဲ့ကြိုသင်တန်းသို့ ဝင်ခွင့်အတွက် ထည့်သွင်းစဉ်းစားနိုင်ပါသည်။ ပိုမိုသိရှိလိုပါက သွားရောက်ကြည့်ရှုပါ-

| တက္ကသိုလ် | ဝဘ်ဆိုဒ် |
|---|---|
| **Curtin (ကာရ်တိန်)**<br><br>**Edith Cowan (အေဒိတ် ကော့ဝါန်)** | အခြားနည်းလမ်းများ မသင့်လျော်ပါက ကျောင်းသားများအား ၎င်းတို့၏ နှစ်သက်ရာသင်တန်းသို့ ဝင်ခွင့်ရရှိရန် ကူညီပေးနိုင်ပါသည်။ အချက်အလက်အတွက်၊ ဖော်ပြပါလိပ်စာသို့ သွားရောက်ပါ https://study.curtin.edu.au/applying/pathways/access-curtin |
| **Edith Cowan (အေဒိတ် ကော့ဝါန်)** | ကျောင်းသားများကို အဆင့်မြင့်ပညာရေးတွင် အောင်မြင်နိုင်မှု စွမ်းရည်အား အကဲဖြတ်ခြင်းဖြင့် ဘွဲ့ကြိုသင်တန်းသို့ ဝင်ခွင့်အတွက် ထည့်သွင်းစဉ်းစားရန် |


CC BY Exclusions may apply

| | |
|---|---|
| | ခွင့်ပြုသည်။ အချက်အလက်အတွက်၊ ဖော်ပြပါလိပ်စာသို့ သွားရောက်ပါ https://www.ecu.edu.au/future-students/course-entry/experience-based-entry-scheme |
| **WA တက္ကသိုလ်** | ဘွဲ့သင်တန်းတွင် စာရင်းသွင်းရန် မလိုအပ်ဘဲ ၎င်းတို့၏ရွေးချယ်မှု ယူနစ်တစ်ခုစီကို လေ့လာရန် အကဲဖြတ်သည့် သို့မဟုတ် အကဲမဖြတ်သည့် ရွေးချယ်ခွင့်ကို ပေးဆောင်ပါသည်။ အချက်အလက်အတွက်၊ ဖော်ပြပါလိပ်စာသို့ သွားရောက်ပါ https://www.uwa.edu.au/study/courses-and-careers/short-courses/access-uwa-assessed |

## ပညာရေး လက်လှမ်းမီမှု အစီအစဉ်

စီနီယာ အလယ်တန်း ကျောင်းတက်စဉ်အတွင်း ကျောင်းသားများ ၏ ၁၁ တန်း နှင့် ၁၂ တန်း လေ့လာသင်ကြားမှုကို ဆိုးဆိုးရွားရွား ထိခိုက်စေသော ထူးခြားသည့်အခြေအနေများကို တွေ့ကြုံခံစားခဲ့ရသော ကျောင်းသားများသည် အနောက်ဩစတြေးလျ တက္ကသိုလ်များသို့ ဘွဲ့ကြိုဝင်ခွင့်ကို ရယူနိုင်ပါသည်။ လျှောက်ထားသူများသည် ( တက္ကသိုလ်အဆင့် ဗဟိုအဖွဲ့အစည်း ဝန်ဆောင်မှု ) Tertiary Institution Service Center (TISC) မှတဆင့် အထူးထည့်သွင်းစဉ်းစားရန် လျှောက်ထားနိုင်ပါသည်။

ပိုမိုသိရှိလိုပါက TISC ဝဘ်ဆိုဒ် www.tisc.edu.au/static/guide/eas.tisc သို့ ဝင်ရောက်ကြည့်ရှုပါ


D22/0035704
9/02/2022
Exclusions may apply